ပင်းကွေ့(ရှမ်း)ကျေးရွာ

မိုင်းခတ်မြို့နယ်



၂၀၂၆-၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပင်းကွေ့(ရှမ်း)ကျေးရွာ၊ မိုင်းခတ်မြို့

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်

မာတိကာ

မာတိကာ

စကားချီး

ပင်းကွေ့(ရှမ်း)ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းခတ်မြို့နယ်

ရာသီခွင်ပြ ပြက္ခဒိန်၊ကျေးရွာအဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ
(က) ဦးစားပေး စီမံချက်များ
(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(ဂ) ဖွံ့ဖြိုးရေးဗျူဟာအခြေပြဇယား
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်ခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှုံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစာ
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ပင်းကွေ့(ရှမ်း)ကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ၏ပထမ ဦးဆုံးသော ကျေးရွာမှလူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက် အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူး ပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။ ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိ သည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုပြီးကောင်းလာမည်မှာ သေချာ ပါသည်။ ဤလုပ်ငန်းသည်ဆက် လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက် အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပင်းကွေ့(ရှမ်း)ကျေးရွာ


ဝမ်ခုတ်အုပ်စု

မိုင်းခတ်မြို့နယ်


ပင်းကွေ့(ရှမ်း)ကျေးရွာ သယံဇာတပြမြေပုံ



ရာသီခွင်ပြ ပြက္ခဒိန်


ရာသီခွင်ပြ ပြက္ခဒိန်
ဝန်ဆင်တိုက်အုပ်စု၊ ပင်းတလေ့(ရှမ်း)ကျေးရွာ
ရာသီတက်
(နေပူခြင်း)
ရာသီဆုတ်
(မိုးရွာခြင်း)
စိုက်ပျိုးရေး
ဝင်ငွေ
ရေရှားပါးမှု
ရောဂါ(လူ)
ရောဂါ(တိရစ္ဆာန်)
ပွဲတော်
သဘောထား

ပင်းကွေ့(ရှမ်း)ကျေးရွာ၊ ဝမ်ခုတ်အုပ်စု ရွာတွင်းပြင်ပအဖွဲ့အစည်း



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲ အကောင်ထည် ဖော်မည့် အစီအစဉ်ဖြစ်ပြီး ကျေးရွာများအတွက် အမှန်တယ်လိုအပ်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ အား ကျေးရွာအများ သဘောတူညီချက်ဖြင့် ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရ ပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကိုအလေး ထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက် များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာ စီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန်အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေး ကိုအပံ့အပိုးဖြစ်စေ သောအချက်များ နှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ ရည်မှန်းချက် များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင် ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါ သည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အ စည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေး

နှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန့်ပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများ အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၏ အနောက်တောင် (၃) မိုင် အကွာတွင်တည်ရှိသည်။ ကျေးရွာသည် တောင်ကုန်းဒေသဖြစ်ပြီး လယ်၊ယာနှင့် သစ်တောများကိုအမှီပြု၍ စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် ဆောင်ရွက်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ဆိုင်ကယ်နှင့် ဆမ်လော့/ကားများကို အများဆုံး အသုံးပြုကြပါသည်။ တစ်နှစ်ပတ်လုံး မိုးရွာသွန်းလေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အကောင်းဆုံးအခြေအနေ ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

သဘာဝအရင်းအမြစ်အဖြစ် ကျေးရွာတွင် စိုက်ပျိုးလုပ်ကိုင်၍ရသော လယ်မြေနှင့် တောင်ယာမြေများရှိကြပြီး မြေဆီဩဇာအသင့်အတင့်ရှိပါသည်။ စပါး၊ပြောင်းသီးနှံများ အဓိကထား စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၁)စုနှင့် ကျား(၁၁၀)၊ မ(၁၂၇)ဦး ဖြင့် လူဦးရေ ပေါင်း(၂၃၇)ဦး ရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၆)ဦးနှုန်းခန့်ရှိသည်။ ကျေးရွာတွင် ရှမ်းလူမျိုးအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်းလူဦးရေ၏ (၈၀%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး မှီခိုသူလူဦးရေသည် (၂၀%) ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ်ခန့် ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ပါသည်။ လယ်ယာလုပ်ငန်းများမှအပအခြားလုပ်ငန်း ငွေလုံလောက်မှုမရှိပါ။ ကျေးရွာသူ၊ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ အဆင်ပြေသောအိမ်ထောင်စု(၂၀)စု၊ အလယ်အလတ် အဆင့်ရှိသော အိမ်ထောင်စု(၁၁)စု၊ အဆင်မပြေသောအိမ်ထောင်စု(၅)စုနှင့် အလွန်မပြေသောအိမ်ထောင်စု(၅)ရှိကြောင်း ခံယူကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ပင်းကွေ့(ရှမ်း)ကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုအဆင့် "၃" အိမ်ထောင်စုများနှင့် အဆင့် "၄" အိမ်ထောင် စုများ၏ စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူလေ့လာထားသော အိမ်ထောင်စု(၁၀)စုလုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်းတွေ့ရသည်။ ၎င်းအိမ်ထောင်စုများသည် အကြွေးတင်ရှိမှု အနည်းငယ်သာရှိသည်ဟု ဆိုကြသည်။ ယာများတွင်စပါး၊ ပြောင်း၊ မြေပဲတို့ စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များ တွင် နေ့စားအင်္ဂါးလိုက်ခြင်းနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးပြီး မိုင်းခတ်မြို့စွေးတွင် လာရောက်ရောင်းချခြင်းအတွက် ဖူလုံမှုရှိသည်ဟုဆိုကြသည်။ ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုများသည် မိတ်ဆွေနှင့်ဆွေမျိုးများထံမှ ချေးယူခြင်းဖြင့် စားဝတ်နေရေးဖြေရှင်းကြ သည်ဟု သိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုမှာ သွေးလွန်တုပ်ကွေးရောဂါများ အဖြစ်များပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါအဖြစ်များပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာများ အနည်းငယ်သာရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို မိမိတို့ကျေးရွာရှိ ဆေးပေးခန်းမှ ကျန်းမာရေး စောင့်ရှောက်ခြင်းများ ရရှိပါသည်။

ကျေးရွာတွင် “စိမ့်စမ်း”ရေ ရရှိပြီး ၎င်းစိမ့်စမ်းရေဖြင့် သောက်သုံးရေရယူခြင်းဖြစ်ပြီး ကျေးရွာတွင် သောက်ရေ/သုံးရေဖူလုံကြောင်း တွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေး အဆင့်အတန်းသည် အသင့်အတင့်ရှိပါသည်။ အလယ်တန်းပညာအဆင့် တက်ရောက် မှုနည်းကြောင်းတွေ့ရှိရပါသည်။ ရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ် ၊အတွက်များကိုသာ တက်မြောက်ကြသည်။ ကျေးရွာစာသင်ကျောင်းမရှိသဖြင့် အနီးရှိ ကျိုင်းပင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားသည်ကို တွေ့ရှိရသည်။

(စ) ကျား-မရေးရာ

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင် အမျိုးသမီးလုပ်ပိုင်ခွင့်နှင့် အမျိုးသားလုပ်ပိုင်ခွင့် တန်းတူပေးသောကြောင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးပါဝင်မှုများသည်ကို တွေ့ရှိရပါသည်။ ကျား/မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကို စွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ်နည်းကြောင်း တွေ့ရသည်။ သာမန်

အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျ ပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက အနည်း ငယ်ပိုများသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ လျော့နည်း လျက်ရှိသည်။ ကျား-မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာ နိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင်ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့သည် ကျားမဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာ ဝစ္စအဖွဲ့၊ ရေကော်မတီ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့များရှိပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးလုပ် ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှုရှိသည်ကို တွေ့ရှိရပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊ ပြောင်းတို့ကို အဓိကထား စိုက်ပျိုးကြပါသည်။ လယ်/ယာမြေ စိုက်ဧက (၂၈၇)ဧက၊ ချောင်းရှိသဖြင့် ရေရင်းမြစ်မှ လယ်စိုက် (၁)ဧကအတွက် ရေလုံလောက်မှုရှိပါသည်။ ယာခင်း၏ စပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် (၈၀)တင်းထွက်ရှိပြီး၊ ပြောင်းတစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ (၁၀၀) ပိဿာ ထွက်ရှိပါသည်။ ကျေးရွာတွင် အိမ်ခြေ ၅၄ အိမ်တွင် အိမ်ခြေ ၃၀ လောက်သည် စပါးစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ပြောင်းသီးနှံကိုလည်း စိုက်ပျိုးကြပါသည်။ စပါးသည် (၁) နှစ်သက်တမ်းရှိပြီး တောင်သူအများစုသည် တောင်ယာ လုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အများဆုံး အသုံးပြုကြသည်။

ကျေးရွာတွင် နွားမွေးမြူသော အိမ်ထောင်စုအရေအတွက်မှာ (၃၀)အိမ်ထောင်စုရှိပြီး ဒေသနွားများကို မွေးမြူကြသည်။ ကျေးရွာတွင် ကြက်များကို အသားစားဖြစ် မွေးမြူကြပါ သည်။ ဝက်မွေးမြူရေးလုပ်ငန်းလုပ်များကို စီပွားရေးနှင့်အသားစားအတွက် လုပ်ကိုင်ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ယာမြေများ ကောင်းခြင်း ကြောင့်သီးနှံ အထွက်နှုန်းနည်းကာ ကျေးရွာတွင်စားလောက်ရုံသာ ဖူလုံပါသည်။ ပင်းကွေ့(ရှမ်း)

ကျေးရွာတွင် ကုန်စုံဆိုင်ဖွင့်၍ ဈေးရောင်းသော အိမ်ထောင်စုများလည်း ရှိပါသည်။ ပန်းရံ၊ လက်သမား အဖြစ် လုပ်ကိုင်သူများလည်းရှိသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်းလူဦးရေ၏ ထက်ဝက်ခန့်ရှိကာ ကျေးရွာ ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး မွေးမြူရေးသင်တန်း၊ အပ်ချုပ်စက်၊ ပန်းရံလက် သမားလုပ်ငန်း သင်တန်းများအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တက်ရောက်နိုင်ပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုစေမည် ဖြစ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှုရှိသည်ကို တွေ့ရှိရပါသည်။ သဘာဝမြေဩဇာအစား နွားချေးတို့ကိုသာ အသုံး ပြုကြသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်မှု အားနည်းပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာသားများသည် ကျေးရွာတွင်ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် မူလတန်းစာသင်ကျောင်းမရှိပါ။ မူလတန်းကျောင်းကို အနီးနားရှိ ကျေးရွာတွင်သာ ရှိသောကြောင့် သွားလာရအဆင်ပြေပါသည်။ ကျေးရွာတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်ကျပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းပညာကိုသာ ပြီးဆုံးအောင်သင်ကြားကြပြီး အထက်တန်းပညာကို ဆက်လက်တက် ရောက်သူ နည်းပါးကြပါသည်။ ဆင်းရဲသောမိသားစုများသည် ကျောင်းစရိတ် မတက်နိုင်သဖြင့် မူလတန်း အောင်မြင်ပြီးလျှင် ပညာဆက်လက်မသင်ယူပဲ စားဝတ်နေရေးနှင့် ငွေကြေးအတွက် လမ်းခင်းခြင်း အဌားလိုက်ခြင်း၊ ယာများလုပ်ကိုင်ခြင်း လုပ်ကိုင်ကြပါသည်။ တက္ကသိုလ် ကျောင်းဆက်တက်သော ကျောင်းသားမရှိပါ။

ပင်းကွေ့(ရှမ်း)ကျေးရွာသို့ တာဝန်ကျကျေးလက်ကျန်းမာရေး ဆရာမများမှ လာရောက်၍ ကာကွယ် ဆေးများထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မိုင်းခတ်မြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ သွား ရောက် ကုသကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို ကျေးရွာ အုပ်စု ကျန်းမာရေးဌာန၊ မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ရရှိပါ သည်။

ကျေးရွာတွင် သောက်သုံးရေအဖြစ် စိမ့်စမ်းရေထွတ်မှသွယ်တန်း၍ အသုံးပြုပါသည်။ ကျေးရွာအမှိုက်ကို ရွာအနောက်တွင်သာ စုပုံစွန့်ပစ်ကြပြီး သန့်ရှင်းကောင်းမွန်လာအောင်လုပ် ဆောင်ရန် လိုအပ်သော အနေအထား ဖြစ်ပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ ကျေးရွာတွင်ရိုးရာ ဓလေ့ပွဲတော်များတွင် ကျေးရွာလူငယ်များ အားလုံးပါဝင်ဆင်နွှဲ ကြပါသည်။ စာပေနှင့်ယဉ်ကျေးမှုအဝိုင်းတွင်လည်း လူငယ်များပါဝင်မှု ရှိပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှု အသင့်အတင့် ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ပင်းကွေ့(ရှမ်း)ကျေးရွာသည် မြေသားလမ်းဖြစ်ပြီး၊ နွေ၊ ဆောင်းရာသီသာ သွားလာရ လွယ်ကူသော လမ်းဖြစ်ပါသည်။ မိုးရာသီတွင် ကျေးရွာတွင်းလမ်းများသည် ရေဝပ်နေပြီး သွားလာရခက်ခဲပါသည်။ ယခုအခါ ၂၀၂၆-၂၀၂၇ ခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ကျေးရွာ ဖွံ့ဖြိုး ရေးကော်မတီများ ကိုယ်တိုင်လုပ်ဆောင်ကြပါသည်။ လမ်းပမ်းဆက်သွယ်ရေးအတွက် မော် တော်ဆိုင်ကယ်နှင့် ကားများအား အသုံးပြုလျက်ရှိသည်။

ကျေးရွာရှိအိမ်ထောင်စုများသည် ဆိုလာပြားဖြင့် လျှပ်စစ်မီးသုံးစွဲပါသည်။ မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံး ပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှု အနည်းငယ်ရှိပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာရှိ အိမ်ထောင်စုတိုင်းနီးပါး တယ်လီဖုန်းများ ရှိခြင်းကြောင့် ဆက်သွယ်ရေးမှာ အတော်အတန် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ် ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေး

တို့မှတဆင့် ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်းနီးပါးတယ်လီဖုန်း သုံးစွဲလျှက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူ မရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာသားများသည်(၃)မိုင်ခန့်အကွာရှိ မိုင်းခတ်မြို့နယ်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေညီများဖြစ်ပြီး မြေဆီဩဇာ အသင့်အတင့်ရှိပါသည်။ ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။

ကျေးရွာတွင်မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသည် အထူးသဖြင့် နွား၊ကြက်နှင့် ဝက်ကိုတိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့အဆင်ပြေစွာ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် (CDMA,MPT ,My tel) မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်လိုင်းများ အနည်းငယ်ကောင်းသဖြင့် အင်တာနတ်သုံးစွဲသူ အနည်းငယ်သာရှိပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိယာမြေများမှာ မြေဆီလွှာကောင်းမွန်ကြောင်း တွေ့ရှိရပြီး အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာ ဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။

ပင်းကွေ့(ရှမ်း)ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် ကျေးရွာတွင် အလုပ်အကိုင် နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အလွန်နည်းပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ အတတ်ပညာ၊အသိပညာအထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။

(က) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်- --

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	ဦးစားပေး(၁)
၂	ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း	ဦးစားပေး(၂)
၃	ရေလှောင်ကန်တည်ဆောက်ခြင်း	ဦးစားပေး(၃)

နောက်ဆက်တွဲ (၁)

ပင်းကွေ့(ရှမ်း)ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးကောယ	ဦးအိုက်ရီ	၁၃/မခန(နိုင်)၀၀၆၃၂၃	၃၃	ဥက္ကဋ္ဌ	၀၉-၆၈၇၈၈၃၀၅၁	
၂	ဒေါ်နန်းအွေ့	ဦးအားရီ	၁၃/မခန(နိုင်)၀၂၄၆၄၈	၃၇	ဝယ်ယူရေးဥက္ကဋ္ဌ	၀၉-၆၆၅၇၉၉၇၂၉	
၃	ဒေါ်အီနန်း	ဦးနန်းလုံး	၁၃/မခန(နိုင်)၀၂၄၆၄၇	၃၈	ဘဏ္ဍာရေးမှူး		
၄	ဦးဆမ်ပေါက်	ဦးနန်းမူ	၁၃/မခန(နိုင်)၀၁၇၄၁၂	၄၃	စာရင်းကိုင်		
၅	ဦးအိုက်ဆမ်	ဦးလီနန်း	၁၃/မခန(နိုင်)၀၀၉၄၇၀	၃၄	အဖွဲ့ဝင်		
၆	ဒေါ်နန်းလူ	ဦးနန်အူ	၁၃/မခန(နိုင်)၀၂၄၆၂၇	၄၀	အဖွဲ့ဝင်		
၇	ဦးအိုက်ဆိုင်း	ဦးနန်းငို့	၁၃/မခန(နိုင်)၀၁၄၆၅၇	၃၉	အတွင်းရေးမှူး		

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၂	၂၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၈	၁၈	၃၆		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၁၉	၃၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၉	၂၂	၄၁		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၆	၄၄	၈၀		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၉	၁၂	၂၁		
စုစုပေါင်း		၁၁၀	၁၂၇	၂၃၇		
စုစုပေါင်း အိမ်ထောင်စု		၄၁				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်မိန်းကလေးအနည်းငယ်ပို၍ အများအပြားရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၁၂၀					မြင့်☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၈					မြင့်☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁၀	၃၀					မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၄					မြင့်☐ လတ် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☑ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၃	၄					မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့်☐ လတ် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း						၀	မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း						၀	မြင့်□ လတ် □ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း						၀	မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် ☑ နိမ့် □
	ကျန်းမာရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၁၈	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့်□ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့်□ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခု ကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ် □ နိမ့် □
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဆောက်လုပ်ရေး၊ ပန်ရံနှင့်လက်သမားလုပ်ကိုင်သော အိမ်ထောင်စု (၃)စု တွေ့ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၃၀၀၀၀	၂၅၀၀၀	၂၅၀၀၀	၂၀၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၂၅၀၀၀	၂၅၀၀၀	၁၅၀၀၀	၁၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၃၀၀၀၀	၃၀၀၀၀	၂၅၀၀၀	၂၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး လက်သမား လုပ်အားခ အများဆုံး ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၁၅၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၅၇	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၂၀	ကောင်း ☐ သင့်☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ		ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၁၀	ကောင်း ☐ သင့် ☑ ညံ့ ☐
မြေလွတ် မြေလပ်	၁၀	ကောင်း ☐ သင့် ☑ ညံ့ ☐
စုစုပေါင်း	၂၄၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည့်အတွက် ကိုင်းကျွန်းမြေမရှိကြောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ- မြေပေါ်ရေ (အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ- မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော-အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော-ဒီရေတောများ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် သဲနှင့်ကျောက်အများဆုံးတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၀	၁၁	၅	၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အလွန်မပြေသောအိမ်ထောင်စု (၅)အိမ်ထောင်စုသာရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၃		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = ၃ လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အိမ်ထောင်စုများမှာ(၃)လအောက်သာ ဝမ်းစာဖူလုံပြီးဆွေမျိုးများထံချေးယူကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော မိသားစုမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	☑			☑		
၂	လျှပ်တပြတ်ရေကြီးခြင်း	☑			☑		
၃	မုန်တိုင်းဒီရေ	☑			☑		
၄	ဆူနာမီ	☑			☑		
၅	တိုင်ဖွန်းမုန်တိုင်း	☑			☑		
၆	လေဆင်နာမောင်း	☑			☑		

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၇	ငလျင်	☑			☑		
၈	အပူလှိုင်း	☑			☑		
၉	စိုက်ပျိုးမြေများပေါ်တွင် ရေငံဝင်ရောက်မှု	☑			☑		
၁၀	အအေးလှိုင်း	☑			☑		
၁၁	မိုးသီးကြွေကျမှု	☑			☑		
၁၂	မိုးခေါင်ခြင်း	☑			☑		
၁၃	တောမီးလောင်ခြင်း		☑			☑	
၁၄	မြစ်ကမ်းပါးပြိုခြင်း		☑			☑	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	☑			☑		
၁၆	မြေပြိုခြင်း	☑			☑		
	လူကြောင်းဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာ မဖူလုံမှု	☑			☑		
၁၈	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ရေ)	☑			☑		
၁၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	☑			☑		
၂၀	သစ်တောပြုန်းတီးခြင်း		☑			☑	
၂၁	၄က်ဖျားရောဂါ		☑			☑	
၂၂	တီဘီရောဂါ	☑			☑		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	☑			☑		
၂၄	**ကပ်ရောဂါ**	☑			☑		

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၅	ပြည်တွင်း ပဋိပက္ခ	☑			☑		
၂၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	☑			☑		
၂၇	လူကုန်ကူးခြင်း	☑			☑		
၂၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်			☑			☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်လူကုန်ကူးမှုမရှိသည်ကိုတွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်း ရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	☑			☑		
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲ သည့် အိမ်ထောင်စု	☑			☑		
၃	ဆင်းရဲသားတောင်သူ		☑			☑	
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသ တွင် နေထိုင်သူ	☑			☑		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	☑			☑		
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ တွင် နေထိုင်သူများ	☑			☑		
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူ များ (IDP)	☑			☑		
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	☑			☑		
၉	ငါးကန်ပိုင်ရှင်များ		☑		☑	☑	
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	☑			☑		
၁၁	လူနည်းစုလူမျိုးများ	☑			☑		
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	☑			☑		

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု(ထိခိုက်မှုလျော့နည်း ရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	☑			☑		
၁၄	ရွှေတွင်းလုပ်သားများ	☑			☑		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	☑			☑		
၁၆	နေရပ်ပြန်အခြေချသူများ	☑			☑		
၁၇	ရွှေ့ပြောင်းလုပ်သားများ	☑			☑		
၁၈	ကားမောင်းပြီး အသက်မွေးသူများ	☑			☑		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါ သနည်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု မရှိသည်ကိုတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင် နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်ပရဟိတအဖွဲ့	၁ ☐ ၂☑ ၃ ☐	၄	၅	၉	ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင် နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁ □ ၂ □ ၃ □				ပညာရေး □ငွေကြေး □ ကျန်းမာရေး □ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကျေးရွာသူ/သားများဖွဲ့စည်းပြီး သာသနာရေးအဖွဲ့ ဖွဲ့စည်းထားပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ □ ၂ □ ၃ □ ၄ □ ၅ □ ၆ □ ၇ □	ပညာရေး □ ငွေကြေး □ ကျန်းမာရေး □ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂		၁ ☐ ၂ ☐ ၃ ☐ ၅ ☐ ၆ ☑ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐ ၂ ☐ ၃ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐ ၂ ☐ ၃ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁ ☐ ၂ ☐ ၃ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁ ☐ ၂ ☐ ၃ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် သည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်ပြင်ပ ဖွဲ့ဖြိုးရေးအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စုအ ရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၅		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၁		တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၂၀		တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၀		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၄၁		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မြေယာမဲ့ (၄)အိမ်ထောင်စုပိုင်ဆိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်
၁	ဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက်☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
